# သလ္လေခသုတ် မြန်မာပြန် အကျဉ်းချုပ်

**နိဒါန်းနှင့် အမေး**

အခါတပါး မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် အရှင်စုန္ဒမထေရ်က- "အရှင်ဘုရား… အတ္တအယူဝါဒနှင့်ငင်း, လောကအယူဝါဒနှင့်ငင်း စပ်သည့် မိစ္ဆာဒိဋ္ဌိအယူမျိုးစုံ ရှိပါကုန်၏။ ထိုအယူမျိုး နှလုံးသွင်းမိလျှင် ချက်ချင်း ပယ်စွန့်ရန် ဖြစ်နိုင်ပါသလော"ဟု မေးမြန်း၏။

**အဖြေ**

စုန္ဒ… ထိုမိစ္ဆာဒိဋ္ဌိ အယူများ ဖြစ်ပေါ်လာလျှင် ခန္ဓာငါးပါး၌သာ ဖြစ်ပေါ်ကာ ၎င်း၌သာ ကိန်းဝပ်တည်နေကြ၏။ ခန္ဓာငါးပါးတို့ကို 'ငါ့ဥစ္စာ မဟုတ်၊ ငါ မဟုတ်၊ ငါ့အတ္တ မဟုတ်"ဟု ပညာဖြင့် ရှုဆင်ခြင်သော သူအား ဤမိစ္ဆာအယူမှားကို ပယ်စွန့်နိုင်၏။

**ရူပဈာန်လေးပါး**

စုန္ဒ… ဤသာသနာတော်၌ ပထမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်ကို ဝင်စားနေသော အချို့သော ရဟန်းသည် "ငါသည် ကိလေသာခေါင်းပါးခြင်းဖြင့် နေ၏"ဟု စိတ်အကြံ ဖြစ်လေရာ၏။ စုန္ဒ… အမှန်အားဖြင့် ဤဈာန်တရားတို့ကို အရိယာတို့ အဆုံးအမ၌ ကိလေသာခေါင်းပါးရေး တရားဟု မဆိုကုန်။ မျက်မှောက်ချမ်းသာစွာ နေနိုင်ရေးတရားဟု ခေါ်ဆိုကုန်၏။

**အရူပဈာန်လေးပါး**

စုန္ဒ… ရူပဈာန်လေးပါးကို ကျော်လွန်၍ အာကာသာနဉ္စာ-ယတနဈာန်, ဝိညာဏဉ္စာ-ယတနဈာန်, အာကိဉ္စညာ-ယတနဈာန်, နေဝသညာနာသညာ-ယတနဈာန်ကို ဝင်စားနေသော အချို့သောရဟန်းသည် "ငါသည် ကိလေသာခေါင်းပါးခြင်းဖြင့် နေ၏"ဟု စိတ်အကြံ ဖြစ်လေရာ ၏။ စုန္ဒ… အမှန်အားဖြင့် ဤဈာန်သမာပတ် တရားတို့ကို အရိယာတို့ အဆုံးအမ၌ ကိလေသာခေါင်းပါးရေး တရားဟု မဆိုကုန်။ ငြိမ်းချမ်းစွာနေရရေး တရားဟု ခေါ်ဆိုကုန်၏။

**(၁)ကိလေသာ ခေါင်းပါးစေတတ်သော သလ္လေခအကျင့်**

စုန္ဒ… ဤဆိုလတ္တံ့သော အရာတို့၌ သင်တို့သည် ခေါင်းပါးခြင်းကို ပြုသင့်၏။
၁။ အခြားသူတို့ ညှင်းဆဲကုန်သော်လည်း ငါတို့သည် မညှင်းဆဲကုန်အံ့ဟု **ခေါင်းပါးခြင်းကို ပြုသင့်၏။**
၂။ အခြားသူတို့ သတ်တတ်ကုန်သော်လည်း ငါတို့သည် ရှောင်ကြဉ်ကုန်အံ့…
၃။ အခြားသူတို့ ခိုးယူတတ်သော်လည်း ငါ့တို့သည် ရှောင်ကြဉ်ကုန်အံ့…

၄။ အခြားသူတို့ မမြတ်သောအကျင့်ကို ကျင့်သော်လည်း ငါတို့သည် မြတ်သောအကျင့်ကို ကျင့်ကုန်အံ့…
၅။ အခြားသူတို့ လိမ်ပြောတတ်သော်လည်း ငါတို့သည် ရှောင်ကြဉ်ကုန်အံ့…
၆။ အခြားသူတို့ ကုန်းတိုက်တတ်သော်လည်း ငါတို့သည် ရှောင်ကြဉ်ကုန်အံ့…
၇။ အခြားသူတို့ ကြမ်းသောစကားကို ပြောတတ်သော်လည်း ငါတို့သည် ရှောင်ကြဉ်ကုန်အံ့…
၈။ အခြားသူတို့ အကျိုးမရှိသောစကားကို ပြောတတ်သော်လည်း ငါတို့သည် ရှောင်ကြဉ်ကုန်အံ့…
၉။ အခြားသူတို့ သူတပါးဥစ္စာကို ရှေးရှုကြံစည်တတ်သော်လည်း ငါတို့သည် ရှောင်ကြဉ်ကုန်အံ့…
၁၀။ အခြားသူတို့ ဖျက်ဆီးလိုစိတ် ရှိသော်လည်း ငါတို့သည် ရှောင်ကြဉ်ကုန်အံ့…
၁၁။ အခြားသူတို့ အယူမှားသူတို့ ဖြစ်ကြသော်လည်း ငါတို့သည် မှန်သောအယူကို ယူကုန်အံ့…
၁၂။ အခြားသူတို့ မှားသောအကြံ ရှိကြသော်လည်း ငါတို့သည် မှန်သောအကြံကို ကြံကုန်အံ့…
၁၃။ အခြားသူတို့ မှားသောစကား ရှိကြသော်လည်း ငါတို့သည် မှန်သောစကားကို ပြောကုန်အံ့…
၁၄။ အခြားသူတို့ မှားယွင်းသောအမှု ရှိကြသော်လည်း ငါတို့သည် မှန်သောအမှုကို ပြုကုန်အံ့…
၁၅။ အခြားသူတို့ မှားယွင်းသော အသက်မွေးမှုရှိကုန်သော်လည်း ငါတို့သည် မှန်သော အသက်မွေးမှု ပြုကုန်အံ့…
၁၆။ အခြားသူတို့ မှားယွင်းသောလုံ့လ ရှိကြသော်လည်း ငါတို့သည် မှန်သောလုံ့လ ရှိကုန်အံ့…
၁၇။ အခြားသူတို့ မှားယွင်းသောသတိ ရှိကြသော်လည်း ငါတို့သည် မှန်သောသတိ ရှိကုန်အံ့…
၁၈။ အခြားသူတို့ မှားယွင်းသောသမာဓိ ရှိကြသော်လည်း ငါတို့သည် မှန်သောသမာဓိ ရှိကုန်အံ့…
၁၉။ အခြားသူတို့ မှားယွင်းသောဉာဏ် ရှိကြသော်လည်း ငါတို့သည် မှန်သောဉာဏ် ရှိကုန်အံ့…
၂၀။ အခြားသူတို့ မှားယွင်းသော လွတ်မြောက်ခြင်း ရှိသော်လည်း ငါတို့သည် မှန်သောလွတ်မြောက်ခြင်း ရှိကုန်အံ့…
၂၁။ အခြားသူတို့ ထိနမိဒ္ဓ ရှိကြသော်လည်း ငါတို့သည် ထိနမိဒ္ဓ ကင်းကုန်အံ့…
၂၂။ အခြားသူတို့ စိတ်ပျံ့လွင့်ကြသော်လည်း ငါတို့သည် စိတ်ပျံ့လွင့်မှု ကင်းကုန်အံ့…
၂၃။ အခြားသူတို့ ယုံမှားတတ်သော်လည်း ငါတို့သည် ယုံမှားခြင်းမှ လွန်မြောက်ကုန်အံ့…
၂၄။ အခြားသူတို့ အမျက်ထွက်လေ့ရှိသော်လည်း ငါတို့သည် အမျက်ထွက်လေ့ မရှိကုန်အံ့…
၂၅။ အခြားသူတို့ ရန်ငြိုးဖွဲ့တတ်သော်လည်း ငါတို့သည် ရန်ငြိုးကင်းကုန်အံ့…
၂၆။ အခြားသူတို့ ကျေးဇူးကန်းတတ်သော်လည်း ငါတို့သည် ကျေးဇူးကို သိတတ်ကုန်အံ့…
၂၇။ အခြားသူတို့ တုပ,ဂုဏ်ပြိုင်တတ်သော်လည်း ငါတို့သည် မတုပ, မပြိုင်ဆိုင်ကုန်အံ့…
၂၈။ အခြားသူတို့ မနာလိုတတ်သော်လည်း ငါတို့သည် မနာလိုခြင်း ကင်းကုန်အံ့…
၂၉။ အခြားသူတို့ နှမြောဝန်တိုတတ်သော်လည်း ငါတို့သည် ဝန်တိုခြင်း ကင်းကုန်အံ့…
၃၀။ အခြားသူတို့ ဂုဏ်မရှိပဲ ရှိဟန်ဆောင်တတ်သော်လည်း ငါတို့သည် ရှိဟန်ဆောင်ခြင်း ကင်းကုန်အံ့…
၃၁။ အခြားသူတို့ မိမိအပြစ်ကို လှည့်ပတ်ဖုံးတတ်သော်လည်း ငါတို့သည် လှည့်ပတ်ခြင်း ကင်းကုန်အံ့...
၃၂။ အခြားသူတို့ ခက်ထန်ကြသော်လည်း ငါတို့သည် ခက်ထန်ခြင်း ကင်းကုန်အံ့…

၃၃။ အခြားသူတို့ အလွန်မောက်မာကြသော်လည်း ငါတို့သည် မောက်မာခြင်း ကင်းကုန်အံ့…
၃၄။ အခြားသူတို့ အပြောအဆို ခက်ကြသော်လည်း ငါတို့သည် ပြောဆိုလွယ်သူတို့ ဖြစ်ကုန်အံ့…
၃၅။ အခြားသူတို့ မိတ်ဆွေယုတ်ရှိကြသော်လည်း ငါတို့သည် မိတ်ဆွေကောင်း ရှိကြကုန်အံ့…
၃၆။ အခြားသူတို့ ကုသိုလ်ရေး၌ မေ့တတ်ကြသော်လည်း ငါတို့သည် မမေ့ကြကုန်အံ့…
၃၇။ အခြားသူတို့ သဒ္ဓါတရား မရှိကြသော်လည်း ငါတို့သည် သဒ္ဓါတရားနှင့် ပြည့်စုံကုန်အံ့…
၃၈။ အခြားသူတို့ အရှက်မရှိကြသော်လည်း ငါတို့သည် အရှက်ရှိကြကုန်အံ့…
၃၉။ အခြားသူတို့ မကြောက်လန့်တတ်သော်လည်း ငါတို့သည် ကြောက်လန့်တတ်သူတို့ ဖြစ်ကုန်အံ့…
၄၀။ အခြားသူတို့ အကြားအမြင်မရှိကြသော်လည်း ငါတို့သည် အကြားအမြင်ရှိသူတို့ ဖြစ်ကုန်အံ့…
၄၁။ အခြားသူတို့ ပျင်းရိကြသော်လည်း ငါတို့သည် လုံ့လစိုက်သူတို့ ဖြစ်ကုန်အံ့…
၄၂။ အခြားသူတို့ သတိလွတ်ကြသော်လည်း ငါတို့သည် သတိရှိသူတို့ ဖြစ်ကုန်အံ့…
၄၃။ အခြားသူတို့ ပညာမဲ့သူတို့ ဖြစ်သော်လည်း ငါတို့သည် ပညာနှင့်ပြည့်စုံသူတို့ ဖြစ်ကုန်အံ့…
၄၄။ အခြားသူတို့ မိမိအယူကို လွန်စွာစွဲလန်းကာ မြဲမြံစွာ ယူကြကုန်လျက် မစွန့်လွှတ်နိုင်ကြကုန်သော်လည်း ဤအရာ၌ ငါတို့သည် မိမိအယူကို လွန်စွာမစွဲလန်းဘဲ, မြဲမြံစွာ မယူကုန်ဘဲ ပြန်လည် စွန့်လွှတ်နိုင်သူတို့ ဖြစ်ကြကုန်အံ့ဟု ခေါင်းပါးခြင်းကို ပြုသင့်၏။ (သလ္လေခဝါရ)

## (၂) စိတ်ကူးရုံမျှ စိတ္တုပ္ပါဒအကျင့်

စုန္ဒ… ငါဘုရားသည် ကုသိုလ်တရားတို့၌ စိတ်ဖြစ်ပေါ်ခြင်းမျှကိုလည်း ကျေးဇူးများလှ၏ဟု ဟော ၏။ ကိုယ်ဖြင့်ဖြစ်စေ, နှုတ်ဖြင့်ဖြစ်စေ ပြုလုပ် စီမံ စေခိုင်းခြင်းစသည်တို့၌ အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း။

ထို့ကြောင့် စုန္ဒ… (၁) အခြားသူတို့သည် ညှင်းဆဲတတ်ကြသော်လည်း ငါတို့သည် ဤအရာ၌ မညှင်းဆဲသူတို့ ဖြစ်ကုန်အံ့ဟု စိတ်ကို ဖြစ်စေသင့်၏။ - - - - - - ပ - - - - - - (၄၄) အခြားသူတို့ မိမိအယူကို လွန်စွာစွဲလန်းကာ မြဲမြံစွာ ယူကြကုန်လျက် မစွန့်လွှတ်နိုင်ကြကုန်သော်လည်း ဤအရာ၌ ငါတို့သည် မိမိအယူကို လွန်စွာမစွဲလန်းဘဲ, မြဲမြံစွာ မယူကုန်ဘဲ ပြန်လည် စွန့်လွှတ် နိုင်သူတို့ ဖြစ်ကြကုန်အံ့ဟု စိတ်ကို ဖြစ်စေသင့်၏။ (စိတ္တုပ္ပါဒဝါရ)

## (၃) ရှောင်လွှဲသော ပရိက္ကမနအကျင့်

စုန္ဒ… ဥပမာသော်ကား မညီညွတ်သော လမ်းရှိခဲ့သော် အခြား ညီညွတ်သောလမ်းသည် ထိုလမ်းကို ရှောင်လွှဲရန် ဖြစ်သကဲ့သို့ငှါး၊ တနည်းသော်ကား… မညီညွတ်သော ဆိပ်ကမ်းရှိခဲ့သော် အခြား ညီညွတ်သော ဆိပ်ကမ်းသည် ထိုဆိပ်ကမ်းကို ရှောင်လွှဲရန် ဖြစ်သကဲ့သို့ငှါး၊ စုန္ဒ… ဤအတူပင်- - - -

၁။ ညှင်းဆဲတတ်သောသူအား မညှင်းဆဲမှုသည် ရှောင်လွှဲရန် လမ်းဖြစ်၏။
၂။ အသက်သတ်တတ်သောသူအား မသတ်ခြင်းသည် ရှောင်လွှဲရန် လမ်းဖြစ်၏။
၃။ မပေးသည်ကို ယူတတ်သောသူအား ထိုယူခြင်းမှ ရှောင်ကြဉ်ခြင်းသည်…
၄။ မမြတ်သောအကျင့်ကို ကျင့်တတ်သောသူအား ထိုအကျင့်မှ ရှောင်ကြဉ်ခြင်းသည်…
၅။ မဟုတ်မမှန် ပြောတတ်သောသူအား ထိုပြောခြင်းမှ ရှောင်ကြဉ်ခြင်းသည် …
၆။ ကုန်းစကားကို ပြောတတ်သောသူအား ထိုပြောခြင်းမှ ရှောင်ခြင်းသည်…
၇။ ကြမ်းတမ်းသော စကားကို ပြောတတ်သောသူအား ထိုပြောခြင်းမှ ရှောင်ခြင်းသည်…
၈။ အနှစ်မဲ့သောစကားကို ပြောတတ်သောသူအား ထိုပြောခြင်းမှ ရှောင်ခြင်းသည်…
၉။ သူတပါးပစ္စည်းကို ရှေးရှုကြံတတ်သောသူအား ထိုကြံခြင်းမှ ရှောင်ခြင်းသည်…
၁၀။ ဖျက်ဆီးလိုစိတ် ရှိသူအား ထိုစိတ်မရှိခြင်းသည်…
၁၁။ အယူမှားသောသူအား မှန်သောအယူသည် …
၁၂။ မှားသောအကြံရှိသောသူအား မှန်သောအကြံသည်…
၁၃။ မှားသော စကားရှိသောသူအား မှန်သောစကားသည်…
၁၄။ မှားသော ပြုလုပ်မှုရှိသောသူအား မှန်သော ပြုလုပ်မှုသည်…
၁၅။ မှားသော အသက်မွေးမှုရှိသောသူအား မှန်သောအသက်မွေးမှုသည်…
၁၆။ မှားသော လုံ့လရှိသောသူအား မှန်သောလုံ့လသည် …
၁၇။ မှားသော သတိရှိသောသူအား မှန်သောသတိသည်…
၁၈။ မှားသော သမာဓိရှိသောသူအား မှန်သောသမာဓိသည်…
၁၉။ မှားသော ဉာဏ်ရှိသောသူအား မှန်သောဉာဏ်သည်…
၂၀။ မှားသော လွတ်မြောက်ခြင်းရှိသောသူအား မှန်သောလွတ်မြောက်ခြင်းသည်…
၂၁။ ထိနမိဒ္ဓ ရှိသောသူအား ၎င်းမှကင်းခြင်း(ဝီရိယ)သည်…
၂၂။ စိတ်ပျံ့သောသူအား မပျံ့သော(တည်ကြည်မှု)စိတ်သည်…
၂၃။ ယုံမှားတတ်သူအား ယုံမှားမှုလွန်မြောက်ခြင်းသည်…
၂၄။ အမျက်ထွက်တတ်သူအား အမျက်မထွက်ခြင်းသည်…
၂၅။ ရန်ငြိုးဖွဲ့တတ်သူအား ရန်ငြိုးမဖွဲ့ခြင်းသည်…
၂၆။ ကျေးဇူးကန်းတတ်သူအား ကျေးဇူးသိခြင်းသည်…
၂၇။ ဂုဏ်ပြိုင်တတ်သူအား ဂုဏ်မပြိုင်ခြင်းသည်…
၂၈။ ငြူစူတတ်သူအား မငြူစူခြင်းသည်…
၂၉။ ဝန်တိုတတ်သူအား ဝန်မတိုခြင်းသည်…
၃၀။ စဉ်းလဲတတ်သူအား မစဉ်းလဲခြင်းသည်…

၃၁။ လှည့်ပတ်တတ်သူအား မလှည့်ပတ်ခြင်းသည်…
၃၂။ ခက်ထန်တတ်သောသူအား မခက်ထန်ခြင်းသည်…
၃၃။ အလွန် မောက်မာတတ်သောသူအား မောက်မာမှုမရှိခြင်းသည်…
၃၄။ အပြောအဆို ခက်သောသူအား အပြောအဆို လွယ်ခြင်းသည်…
၃၅။ မိတ်ဆွေယုတ်ရှိသောသူအား မိတ်ဆွေကောင်းသည်…
၃၆။ သတိမေ့သောသူအား မမေ့လျော့ခြင်းသည်…
၃၇။ သဒ္ဓါမရှိသောသူအား သဒ္ဓါရှိခြင်းသည်…
၃၈။ မရှက်မရှိသောသူအား အရှက်ရှိခြင်းသည်…
၃၉။ မကြောက်လန့်တတ်သောသူအား ကြောက်လန့်တတ်ခြင်းသည်…
၄၀။ ဗဟုသုတ မရှိသောသူအား ဗဟုသုတ များခြင်းသည်…
၄၁။ ပျင်းရိသောသူအား လုံ့လဝီရိယ ရှိခြင်းသည်…
၄၂။ သတိလွတ်သောသူအား သတိထင်ခြင်းသည်…
၄၃။ ပညာမဲ့သောသူအား ပညာပြည့်စုံခြင်းသည်…
၄၄။ မိမိအယူကို မြဲမြံစွာ စွဲလမ်းပြီး မစွန့်နိုင်သောသူအား မိမိအယူကို လွန်စွာမစွဲလမ်းပဲ စွန့်လွှတ်နိုင်ခြင်းသည် ရှောင်လွှဲရန် လမ်းဖြစ်၏။ (ပရိက္ကမနဝါရ)

## ၄။ အထက်သို့ သွားစေတတ်သော ဥပရိဘာဂအကျင့်

စုန္ဒ… ဥပမာသော်ကား အကိုသိုလ်အားလုံးတို့သည် အောက်အဖို့ အပါယ်ဘုံသို့ ရောက်ကြောင်း တရား ဖြစ်ကုန်သကဲ့သို့ငှင်း၊ ကုသိုလ်တရား အားလုံးတို့သည် အထက်သုဂတိဘုံသို့ ရောက်ကြောင်း တရား ဖြစ်ကုန်သကဲ့သို့ငှင်း၊ ဤအတူပင်…

၁။ ညှင်းဆဲတတ်သူအား မညှင်းဆဲခြင်းသည် အထက်ဘုံအတွက် ဖြစ်၏။
၂။ သတ်သောသူအား သတ်ခြင်းမှရှောင်ခြင်းသည် အထက်ဘုံအတွက် ဖြစ်၏။
- - - - - - - - - - ပ - - - - - - - - -
၄၄။ မိမိအယူကို လွန်စွာစွဲလမ်းကာ မြဲမြံစွာယူလျက် မစွန့်နိုင်သောသူအား ထိုအယူကို စွန့်လွှတ်နိုင်ခြင်းသည် အထက်ဘုံအတွက် ဖြစ်၏။ (ဥပရိဘာဂဝါရ)

## ၅။ ကိလေသာငြိမ်းစေတတ်သော ပရိနိဗ္ဗာနအကျင့်

စုန္ဒ… မိမိသည် ကာမဂုဏ်ညွှန်ပြောင်း၌ နစ်မြုပ်နေသူ ဖြစ်လျက် အခြားနစ်မြုပ်နေသူကို ထုတ်ဆောင်နိုင်ရန် အကြောင်းမရှိ။ မိမိက ကာမဂုဏ်ညွှန်ပြောင်း၌ မနစ်မြုပ်နေလျှင်ကား အခြားနစ်မြုပ်နေသူကို ထုတ်ဆောင်နိုင်ရန် အကြောင်းရှိ၏။

စုန္ဒ… မိမိက မယဉ်ကျေးသေးသူ, မဆုံးမအပ်သေးသူ, ကိလေသာမငြိမ်းသေးသူ ဖြစ်လျက် အခြားသူကို ယဉ်ကျေးစေနိုင်, ဆုံးမနိုင်, ကိလေသာကို ငြိမ်းအေးစေနိုင်ရန် အကြောင်းမရှိ။ မိမိက ယဉ်ကျေးပြီးသူ, ကိလေသာ ငြိမ်းပြီးသူဖြစ်ခဲ့လျှင်ကား အခြားသူကို ကိလေသာမှ ငြိမ်းစေနိုင်ရန် အကြောင်းရှိ၏။

စုန္ဒ… ဤအတူပင်

၁။ ညှင်းဆဲတတ်သောသူအား မညှင်းဆဲခြင်းသည် ငြိမ်းအေးရန် ဖြစ်၏။

၂။ သတ်ဖြတ်တတ်သောသူအား သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ခြင်းသည် ငြိမ်းအေးရန်ဖြစ်၏။

- - - - ပ - - - - - (ပရိက္ကမနဝါရအတိုင်း ဆိုလေ)

၄၄။ မိမိအယူကို လွှန်စွာစွဲလမ်းကာ မြဲမြံစွာယူလျက် မစွန့်နိုင်သောသူအား ထိုအယူကို မစွဲလမ်းဘဲ ပြန်လည် စွန့်လွှတ်နိုင်ခြင်းသည် ငြိမ်းအေးရန် ဖြစ်၏။ (ပရိနိဗ္ဗာနဝါရ)

**နိဂုံးချုပ်**

စုန္ဒ… ဤသို့လျှင် ငါဘုရားသည်-

(၁)ကိလေသာ ခေါင်းပါးခြင်းအကြောင်းကို ဟောကြားခဲ့ပြီ။

(၂) စိတ်ဖြစ်ပုံအကြောင်းကို ဟောကြားခဲ့ပြီ။

(၃) အထက်အဖို့သို့ ရောက်ကြောင်းကို ဟောကြားခဲ့ပြီ။

(၄) ရှောင်လွှဲခြင်းအကြောင်းကို ဟောကြားခဲ့ပြီ။

(၅) ငြိမ်းအေးခြင်းအကြောင်းကို ဟောကြားခဲ့ပြီ။

စုန္ဒ… တပည့်သာဝကတို့၏ အကျိုးစီးပွားကို လိုလားလျက် အစဉ်သနားခြင်းရှိသော ငါဘုရားသည် အစဉ်သနားခြင်းကြောင့် ပြုသင့်ပြုထိုက်သော တာဝန်ကို သင့်တို့အတွက် ပြုပြီးပေပြီ။

စုန္ဒ… ဤသည်တို့ကား သစ်ပင်ရင်း, ဆိတ်ငြိမ်ရာတို့ ဖြစ်ကုန်၏။ တရားကို ရှုဆင်ခြင်ကြလော့၊ သတိ မမေ့ကြကုန်လင့်။ နောင်ခါမှ နှလုံးမသာ မဖြစ်ကြကုန်လင့်။ ဤသည်ကား ငါဘုရားတို့၏ အဆုံးအမတော်ပေတည်း-ဟု မိန့်တော်မူ၏။

အရှင်စုန္ဒသည် မြတ်စွာဘုရား ဟောတော်မူသော တရားတော်ကို နှစ်သက်သဘောကျသည် ဖြစ်၍ ဝမ်းမြောက်စွာ ခံယူလေ၏။

ဘုရားရှင် ဟောတော်မူသည့် သလ္လေခမည်သော သုတ္တန်သည် နက်နဲ၏။ သမုဒ္ဒရာနှင့် နှိုင်းယှဉ်သင့်၏။ အကြောင်းငါးပါးတို့နှင့် တကွ လေးဆယ့်လေးပါးသော ပုဒ်တို့ကို ဟောတော်မူ၏။

သလ္လေခသုတ် ပြီး၏။

❄ ❄ ❄ ❄ ❄ ❄ ❄